*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# အောင်ချိမ့်၏ "ခင်ခင်ပျိုရေ စောင့်ခဲ့တယ်" ကဗျာများမှ အတွင်းအဆက်အစပ် (Cohesion)

လွင်ထူးအောင်[၁]

**စာတမ်းအကျဉ်း**

ဤစာတမ်းသည် အောင်ချိမ့်၏ "**ခင်ခင်ပျိုရေ စောင့်ခဲ့တယ်**" ကဗျာများမှအတွင်း အဆက်အစပ် (Cohesion)ကို လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ အတွင်းအဆက်အစပ်များကို လေ့လာရာတွင် "**ခင်ခင်ပျိုရေစောင့်ခဲ့တယ်**" ကဗျာစီးရီးပါ ပုဒ်ရေ ၂၀ ထဲမှ ကဗျာ ၆ ပုဒ်ကို ကောက်နုတ်ရွေးချယ်ကာ ဆန်းစစ်လေ့လာနည်း (Survey Method)ဖြင့် လေ့လာတင်ပြထားပါသည်။ ထိုသို့ **လေ့လာသည့်အခါ (၁) ဝါကျချင်းဆက်စပ်ခြင်း၊ (၂) စကားဆက်များဖြင့်ဆက်စပ်ခြင်း၊ (၃) စကားထပ်ကျေ့ခြင်း**ဟူ၍ အတွင်းအဆက်အစပ်၏ လက္ခဏာရပ်များနှင့် ချိန်ထိုးကာခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်း **(Analytical Survey Method**)ဖြင့် အသုံးပြုလေ့လာသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် အောင်ချိမ့်၏ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောနှင့်အတူ ခေတ်ပေါ်ကဗျာများ၏ သဘောသဘာဝကိုပါတွေ့ရှိရမည့် စာတမ်းတစ်စောင် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** အတွင်းအဆက်အစပ်၊ ဝါကျချင်းဆက်စပ်ခြင်း၊ စကားဆက်စပ်ခြင်း၊ စကားထပ်ကျေ့ခြင်း၊ ခေတ်ပေါ်ကဗျာ။

## နိဒါန်း

မြန်မာကဗျာလမ်းကြောင်းတွင် ခေတ်ပေါ်ကဗျာသည် အရှိန်အဟုန်အားကောင်းကောင်းဖြင့်ထိုးဖောက်ဝင်ရောက်လျက်ရှိပါသည်။ ယခုအခါ ခေတ်ပေါ်ကဗျာသည် မြန်မာစာပေလောကတွင် စာပေမှတ်တိုင်တစ်ခုအဖြစ် ထူထောင်နိုင်နေပြီဖြစ်ပါသည်။ ထိုသို့ခေတ်ပေါ်ကဗျာမှတ်တိုင် စိုက်ထူခဲ့ရာတွင် အောင်ချိမ့်၏ ကဗျာများသည် အခြေခံအုတ်မြစ်များသဖွယ် တည်ရှိခဲ့ပါသည်။ အောင်ချိမ့်သည် ခေတ်ပေါ်ကဗျာများကို ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းမှစတင်ကာ ကွယ်လွန်သွားချိန်အထိခေတ်ပေါ် ကဗျာတစ်မျိုးတည်းကိုသာ တစ်စိုက်မတ်မတ်ရေးဖွဲ့ခဲ့သူဖြစ်ပါသည်။

အောင်ချိမ့်သည် နှစ်ပေါင်း ၅၀ ခန့် ခေတ်ပေါ်ကဗျာများကိုသာရေးဖွဲ့ခဲ့၍ ၎င်း၏ ကဗျာများသည် အကြောင်းအရာစုံလင်သည်သာမက ရေးဖွဲ့မှုပုံသဏ္ဌာန်လည်း စုံလှပါသည်။ ခေတ်ပေါ်ကဗျာရှည်များနှင့် ကဗျာစီးရီးသဘောဟန်များကို ရေးဖွဲ့တတ်ပြီး နှစ်ကြောင်းရေး ကဗျာများ၊ စကားလုံးတစ်လုံးတည်းသို့မဟုတ်၊ ပုဒ်အဆင့်တစ်မျိုးတည်းကိုသာ စပ်၍ရေးဖွဲ့ သော ကဗျာများကိုလည်း တွေ့ရှိရပါသည်။

ဤစာတမ်းတွင်မူ စိတ်ကူးချိုချိုစာအုပ်တိုက်မှ ၂၀၁၁ ခုနှစ်တွင် မောင်သာနိုး၏ အင်္ဂလိပ်သာဘာပြန်နှင့်အတူ ထုတ်ဝေခဲ့သော ကဗျာစီးရီးသဘောသက်ဝင်သည့် အောင်ချိမ့်၏ **"ခင်ခင်ပျိုရေ စောင့်ခဲ့တယ်"** အမည်ရှိ လုံးချင်းကဗျာစာအုပ်မှ **"ခင်ခင်ပျိုရေ"၊ "ခင်ခင်ပျိုရေ မှတ်တမ်း တစ်ရွက်"၊ "ခင်ခင်ပျိုရေငါ့အကြောင်း"၊ "ခင်ခင်ပျိုရေ ခေတ်အဆက်ဆက် မေတ္တာဖြင့်"၊ "ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်"**နှင့် **"ခင်ခင်ပျိုရေ ချောင်းကြည့်ပေါက်ကလေး"** ဟူသည့်ကဗျာ ၆ ပုဒ်ကို အလေ့လာ

---

[၁] မြန်မာစာဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်

ခံအဖြစ် သတ်မှတ်ထားပါသည်။ ထိုအလေ့လာခံကဗျာများ၏ အတွင်းအဆက်အစပ် (Cohesion)ကို စိစစ်လေ့လာသွားမည် ဖြစ်ပါသည်။

ထိုသို့လေ့လာရာတွင် အလေ့လာခံကဗျာများ၏အဓိပ္ပာယ်များကို စုံလင်အောင်ဖွင့်ဆိုခြင်းမျိုးထက် ကဗျာပါအကြောင်းအချက်နှင့် မိမိအသုံးပြုသွားမည့် သီအိုရီများအပေါ်၌သာ အာရုံပြု၍လေ့လာဆန်းစစ်သွားမည်ဖြစ်ပါသည်။

## ခေတ်ပေါ်ကဗျာဟူသည်

ခေတ်ပေါ်ကဗျာနှင့်ပတ်သက်၍ **"ကဗျာ့နရီနှင့် နိမိတ်ပုံ"** ၁၉၉၈ စာအုပ်တွင် မြဇင်က-

> **"ခေတ်ကိုကိုယ်စားပြုသော ခေတ်ပေါ်ကဗျာသည် ခေတ်၏အာရုံခံစားမှုတွင် အခြေတည်ရမည်။ ခေတ်၏အာရုံခံစားပုံကို ဖော်ကျူးရမည်။ ကျွန်ုပ်တို့၏ခေတ်၌ ရေးသားဖွဲ့ဆိုအပ်သော ကဗျာသည် ကျွန်ုပ်တို့၏ ခေတ်ပေါ်ခံစားပုံကို အခြေပြု၍ ခေတ်ပေါ်ခံစားပုံကိုဖော်ကျူးမှသာလျှင် ခေတ်ကိုကိုယ်စားပြုသော ခေတ်ပေါ်ကဗျာဖြစ်ပေမည်။" (စာ ၁)**

ဟုဆိုပါသည်။

**"ဇင်နိုးကြူးနှင့် ကဗျာလောက စုစည်းမှု(၆)"** ၂၀၁၄ စာအုပ်တွင် မင်းလှညွှန့်ကြူးက -

> **"အခုခေတ်ပေါ်ကဗျာဆိုတာ ဘယ်လိုကဗျာမျိုးလဲဆိုတဲ့ မေးခွန်းကိုဖြေရဖို့ ဖြစ်လာတဲ့အခါမှာတခြားသူတွေရဲ့ အယူအဆတွေကို ပြောပြလို့ မဖြစ်တော့ပါဘူး။ ကျွန်တော်ရဲ့ အယူအဆကတော့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားမဟုတ်ပါဘူး။ "ခေတ်ပေါ်" ကဗျာဆိုတာ ဒီကနေ့ခေတ်မှာ ပေါ်လာတဲ့ ကဗျာတွေပဲဆိုတဲ့ အယူအဆပါ။"** (စာ ၁၄၇)

ဟု **"ခေတ်ပေါ်ကဗျာ"**နှင့် ပတ်သက်သော ၎င်း၏အယူအဆကို ရှင်းရှင်းလင်းလင်းချပြခဲ့သည်။ သို့သော် **"ဒီကနေ့ ခေတ်မှာပေါ်လာတဲ့ကဗျာတွေပဲ"** ဟုဆိုရာ၌ ယနေ့ခေတ်တွင် ပေါ်ပေါက်နေသော ကဗျာအားလုံးကို ဆိုလိုခြင်းမဟုတ်ဘဲ ၎င်းပြောလိုသည့် **"ခေတ်ပေါ်ကဗျာ"**၏ သဘောလက္ခဏာများကိုလည်း အောက်ပါအတိုင်း ရှင်းလင်းတင်ပြထားပါသည်။

> **"အဲ့ဒီကဗျာတွေဟာ ဒီကနေ့ ခေတ်ရေးခေတ်ရာတွေရဲ့ အငွေ့အသက်တွေပါရပါမယ်။ ကျွန်တော်တို့စာပေ ဘဏ္ဍာတိုက်မှာ ရှိခဲ့တဲ့ ကဗျာတွေနဲ့ အရေးအဖွဲ့၊ အတွေးအခေါ်၊ ခံစားမှု၊ ဘာသာစကားသုံးနှုန်းမှု စတာတွေမှာ ဖော်ပြနိုင်လောက်တဲ့ ခြားနားမှုရှိရပါမယ်။ "ဒီကနေ့ခေတ်မှာပေါ်လာတဲ့ ကဗျာတွေပဲ" ဆိုတဲ့ အယူအဆနောက်မှာ ခုနက ပြောခဲ့တဲ့နောက်ဆက်တွဲ သတ်မှတ်ချက်လေးတွေ ရှိနေပါတယ်။"** (ညွှန့်ကြူး၊ မင်းလှနှင့် အများ၊ ၂၀၁၄၊ ၁၄၇)

ထို့ကြောင့် မင်းလူညွန့်ကြူး၏ အယူအဆအရ **"ခေတ်ပေါ်ကဗျာ"**ဆိုသည်မှာ အစဉ်အလာကဗျာနှင့် အရေးအဖွဲ့ပုံသဏ္ဍာန်၊ တွေးထောင့်၊ အာရုံခံစားမှု၊ ဘာသာစကားသုံးစွဲမှုမတူဘဲ သိသာလောက်သည့် ခြားနားမှုရှိသည့် ယနေ့ခေတ်တွင် ပေါ်ပေါက်သော ကဗျာများဟု သုံးသပ်လိုပါ သည်။

## သုတေသနရည်ရွယ်ချက်

ခေတ်ပေါ်ကဗျာများထဲမှ အောင်ချိမ့်၏ခေတ်ပေါ်ကဗျာဖွဲ့စည်းတည်ဆောက်မှု သဘောနှင့်အတူ ခေတ်ပေါ်ကဗျာများ၏ သဘောသဘာဝကိုပါ သိရှိစေရန်ရည်ရွယ်ထားပါသည်။ ထို့ပြင်ခေတ်ပေါ်ကဗျာများနှင့်ပတ်သက်၍ နားမလည်ခြင်း ပြဿနာအချို့ကိုလည်း အတွင်းအဆက်အစပ် လေ့လာမှုမှတစ်ဆင့် တစ်စိတ်တစ်ဒေသ အဖြေရှာနိုင်သည်ကိုပါ သိရှိစေလိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤစာတမ်းသည် ခေတ်ပေါ်ကဗျာများကို စိတ်ပါဝင်စား၍ လေ့လာလိုသူများအတွက် အထောက်အပံ့ဖြစ်စေရန် အလို့ငှာ ရည်သန်ပါသည်။

## သုတေသနမေးခွန်း

ခေတ်ပေါ်ကဗျာများဖြစ်သော အောင်ချိမ့်၏ **"ခင်ခင်ပျို့ရေ စောင့်ခဲ့တယ်"** ကဗျာများမှ အတွင်းအဆက်အစပ်များကို လေ့လာသည့်အခါ အောက်ပါမေးခွန်းများ ပေါ်ထွက်လာပါသည်။

(၁) ခေတ်ပေါ်ကဗျာတွင် အတွင်းအဆက်အစပ်သည် အရေးပါမှု ရှိမရှိ။/

(၂) မည်သည့်အတွက်ကြောင့် ခေတ်ပေါ်ကဗျာတွင် အတွင်းအဆက်အစပ်များကိုတွေ့ရသနည်း။

(၃) အတွင်းအဆက်အစပ်များသည် ခေတ်ပေါ်ကဗျာကို မည်သို့အထောက်အကူပြုသနည်း။

## သုတေသနပြဿနာ

အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာများကို လေ့လာစိစစ်သည့်အခါ စကားလုံးရိုးရှင်းမှုရှိသော်လည်း အတွေးအခေါ် နက်နက်ပေးထားခြင်း၊ ခေတ်ပေါ်ကဗျာများ၏ဖွဲ့စည်းတည်ဆောက်မှုသဘောအရ ကြောင်းကျိုးချိတ်ဆက်မှုမျိုးထက် ကဗျာဖွဲ့သူ၏အဇ္ဈတ္တကို ထွေပြားစွာဖော်ကျူးထားခြင်းကြောင့် ကဗျာဖွဲ့သူဆိုလိုချင်သည့်သဘောကို တိတိကျကျ ဖမ်းဆုပ်ပြနိုင်ရန် ခက်ခဲလှပါသည်။ ထိုအခက်အခဲသည် ဤစာတမ်းပြုစုရခြင်း၏ ပြဿနာတစ်ရပ်ဖြစ်လာပြီး ယခုသုတေသနမှတစ်ဆင့် ယင်းပြဿနာကို ဖြေရှင်း ဖော်ထုတ်နိုင်ရန် ကြိုးစားသွားပါမည်။

## စာပေလေ့လာဆန်းစစ်ချက်

အောင်ချိမ့်၏ **"ခင်ခင်ပျို့ရေ စောင့်ခဲ့တယ်"** ကဗျာများကို သုတေသနပြုရာတွင် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ခေတ်ပေါ်ကဗျာသဘောတရားဆိုင်ရာ စာအုပ်စာတမ်းများနှင့် သုတေသနစာတမ်းများကို ဖတ်ရှုလေ့လာ၍ ဆန်းစစ်တင်ပြထားပါသည်။

ဤစာတမ်းနှင့်ပတ်သက်၍ သီအိုရီပိုင်းဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက်များအဖြစ် မောင်ခင်မင်(ဓနုဖြူ)၏ "**ရေးဟန်ပညာနိဒါန်း**" ၂၀၁၁ စာအုပ်ပါ အတွင်းအဆက်အစပ်သီအိုရီနှင့် အဆိုအမိန့်များကို အခြေပြု၍ လေ့လာတင်ပြထားပါသည်။

ခေတ်ပေါ်ကဗျာ သဘောတရားဆိုင်ရာများနှင့်ပတ်သက်၍ ဒေါက်တာခင်မာသက်၏ "**ခေတ်ပေါ် ကဗျာဖန်တီးသူနှင့် ဖန်တီးမှုအနုပညာ**" ၂၀၂၀ စာအုပ်၊ ဇေယျာလင်းနှင့်အများ၏ "**ခေတ်ပေါ်(မော်ဒန်) ကဗျာစာတမ်းများ**" ၂၀၁၈ စာအုပ်၊ ဇော်ဇော်အောင်၏ "**ဇော်ဇော်အောင်ဖတ်စာ**" ၂၀၁၈ စာအုပ်၊ ဒေါက်တာဇော်နိုင်၏ "**၂၀ရာစု မြန်မာကဗျာများ ပြောင်းလဲဖြစ်တည်လာပုံ**" ၂၀၁၉ စာအုပ်၊ မောင်ပြည့်မင်း၏ "**ခေတ်ပေါ်ကဗျာဆိုင်ရာ စာတမ်းနှစ်စောင်**" ၂၀၁၈ စာအုပ်၊ မျိုးသန့်၏ "**ခေတ်ပေါ် ကဗျာနှင့်စိမ်းစိုသောလမ်းကလေး**" ၂၀၁၉ စာအုပ်နှင့် "**ခေတ်ပေါ်မြန်မာကဗျာဆိုင်ရာစာတမ်း၊ ဆောင်းပါးများနှင့်အင်တာဗျူး**"၂၀၁၉စာအုပ်၊ မောင်သစ်တည်၏ "**မော်ဒန်ကဗျာနှင့်ပတ်သက်၍**" ၂၀၁၈ စာအုပ်၊ သစ္စာနီ၏ "**မြန်မာကဗျာဖြစ်ပေါ်တိုးတက်မှု၊ မော်ဒန်ရှင်းတမ်းနှင့် ပို့စ်ပိုယဲထရီ**" ၂၀၁၉ စာအုပ်၊ အောင်ခင်မြင့်၏ "**ခေတ်ပြိုင်ကဗျာများကိုချဉ်းကပ်ခြင်း**" ၂၀၁၉ စာအုပ်၊ အောင်ဝေး၏ "**ခေတ်ပေါ်ကဗျာ ဘာလဲဘယ်လဲ**" ၂၀၀၄ စာအုပ်တို့ကို ယခုသုတေသနအတွက် ဖတ်ရှုလေ့လာထားပါသည်။

အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာများနှင့်ပတ်သက်၍ အထူးပြုလေ့လာထားသော ပါရဂူကျမ်းများ နှင့် မဟာဝိဇ္ဇာကျမ်းများကို မတွေ့ရှိရသေးပါ။ သို့သော် ဒေါက်တာခင်မာသက်၏ ၁၉ ကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များ စာတမ်းဖတ်ပွဲတွင် တင်သွင်းခဲ့သည့် **"အောင်ချိမ့်၏ ခေတ်ပေါ် ကဗျာဖန်တီးပုံလေ့လာချက်"** ၂၀၁၉ စာတမ်းနှင့် ၂၅ နှစ်ပြည့် ဒဂုံတက္ကသိုလ် အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲ၌ ဖတ်ကြားတင်သွင်းခဲ့သည့် **"ဂန္ဓဝင်မမကဗျာကို စိစစ်လေ့လာခြင်း"** စာတမ်းများကို တွေ့ရှိရပါသည်။

ထို့ကြောင့် အောင်ချိမ့်၏ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောကို လေ့လာဆန်းစစ် လိုသဖြင့် အောင်ချိမ့်၏ **"ခင်ခင်ပျိုရေ စောင့်ခဲ့တယ်"**ကဗျာများရှိ အတွင်းအဆက်အစပ်ကို လေ့လာ တင်ပြရခြင်း ဖြစ်ပါသည်။

## နည်းနာ

ဤစာတမ်းကိုသုတေသနပြုရာ၌ နည်းနာတွင် ပညာရပ်ဆိုင်ရာနည်းနာနှင့် သုတေသနနည်းနာ တို့ကို အသုံးပြုထားပါသည်။

## ပညာရပ်ဆိုင်ရာနည်းနာ

ပညာရပ်ဆိုင်ရာနည်းနာများအဖြစ် ရေးဟန်ပညာရပ်နယ်ပယ်မှ အတွင်းအဆက်အစပ်နည်းနာ ဖြင့်ချဉ်းကပ်လေ့လာပါသည်။ အတွင်းအဆက်အစပ်နှင့်ပတ်သက်၍ ဤစာတမ်းတွင် အသုံးပြုထားသော သီအိုရီများကို တင်ပြထားပါသည်။

### အတွင်းအဆက်အစပ်

အတွင်းအဆက်အစပ်နှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)၏ "**ရေးဟန်ပညာနိဒါန်း**" ၂၀၁၁ စာအုပ်တွင် -

**"အတွင်းအဆက်အစပ်ဆိုရာ၌ စာတစ်ပုဒ်၏ အစိတ်အပိုင်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုကို ဆိုလိုခြင်းဖြစ်သည်။ သာဓကအားဖြင့် စကားပြေရေးရာတွင် စကားပြေဝါကျများကို စာပိုဒ်အဖြစ်ဆက်စပ်ဖွဲ့စည်းပုံ ကဗျာရေးရာတွင် ကဗျာဝါကျများကို ကဗျာပိုဒ်အဖြစ် ဆက်စပ်ဖွဲ့စည်းပုံတို့သည် အတွင်းအဆက်အစပ် ဖြစ်သည်။"** (စာ ၂၁၈)

ဟု ဖွင့်ဆိုထားပါသည်။

ကတ်တီဝေးလ်၏ **"A Dictionary of Stylistics"** 2011 စာအုပ်တွင် -

**"အတွင်းအဆက်အစပ်ဆိုသည်မှာ စာကြောင်းများ (အသံပိုင်းဆိုင်ရာ၊ သဒ္ဒါနည်း၊ အဘိဓာန်၊ ဝေါဟာရ) ကို ပိုမိုကြီးမားသော ယူနစ်များ (စာပိုဒ်များ၊ အခန်းများ) အဖြစ် ချိတ်ဆက်ပေးခြင်းကို ရည်ညွှန်းသည်။ ဆိုလိုသည်မှာ ၎င်းတို့ကို ပေါင်းစည်းစေခြင်း ဖြစ်သည်။"** (စာ ၆၆)

ဟု ဖွင့်ဆိုထားသည်။

အင်တာနက်ရင်းမြစ်များတွင် အတွင်းအဆက်အစပ်**(Cohesion)**နှင့်ပတ်သက်၍ -

**"အတွင်းအဆက်အစပ်သည် စာသားတစ်ခုသို့မဟုတ်၊ ဝါကျတစ်ခုအတွင်း သဒ္ဒါနှင့် အဘိဓာန်ကို ချိတ်ဆက်ခြင်းဖြစ်ပြီး စာသားများကိုပေါင်းစပ်ကာ အဓိပ္ပာယ်ဖော်ပေးသည်။"** (https://en.m.wikipedia.org)

ဟူ၍လည်းကောင်း၊

**"အတွင်းအဆက်အစပ်ဆိုသည်မှာ ပေါင်းစည်းခြင်း ဖြစ်ပါသည်။ စာရေးရာတွင် အသုံးပြုရသည့်စကားလုံးများ၊ စကားစုများနှင့်ဝါကျများ ပေါင်းစပ်ကာရှင်းလင်းပြီး စည်းလုံးသောစာသားကို ဖော်ပြနိုင်သည့် အစိတ်အပိုင်းကိုရည်ညွှန်းပါသည်။"**

(https://study.com)

ဟူ၍လည်းကောင်း စိတ်ဝင်စားဖွယ်တွေ့ရှိရပါသည်။

ဘာသာစကားနှင့်စာပေပညာရှင် အိုဒ့်ချ်မန်(Othman) က **"Arab World English Journal (AWEJ) (2023)"** သုတေသနဂျာနယ်တွင် ကဗျာများရှိအတွင်းအဆက်အစပ်နှင့်ပတ်သက်၍ -

**"ကဗျာတွင်ပါဝင်သော အတွင်းအဆက်အစပ်သည် အများအားဖြင့် ဘာသာစကား ယူနစ်များကို ပေါင်းစည်းစေရန်၊ ထိုသို့ပေါင်းစည်းထားသော ဆက်သွယ်မှုသည်နက်နဲသော အရင်းခံသဘောကို ဖော်ညွှန်းရာတွင် အထောက်အကူဖြစ်စေပြီး များစွာသော အဓိပ္ပာယ်ဖွင့်ဆိုချက်များအတွက် လိုအပ်သလိုပေါင်းစပ် သုံးနိုင်ရန်နေရာကန့်သတ်ပေးသည်။"** (စာ ၁၇၆)

ဟု ဆိုပါသည်။ ထို့ကြောင့် အတွင်းအဆက်အစပ်သည် ကဗျာဖွဲ့သူဆိုလိုချင်သော အကြောင်းအရာများကို ဖော်ထုတ်ပေးသော သဘောလည်း ရှိနေပါသည်။

ထိုဖွင့်ဆိုချက်များကို ထောက်ရှု၍ အတွင်းအဆက်အစပ်သည် စာတစ်ပုဒ် သို့မဟုတ်၊ ကဗျာတစ်ပုဒ်၏ ဖွဲ့စည်းတည်ဆောက်မှုအတွက် အခြေခံအစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး စာရေးသူ ပြောချင်သော

ဆိုလိုချက်များပုံပေါ်လာအောင် ဆက်စပ်ပေးရသောတာဝန်ကို ထမ်းဆောင်ရသည့် သဘောရှိကြောင်း ယူဆရပါသည်။

**သုတေသနနည်းနာ**

ဤစာတမ်းတွင် အောင်ချိမ့်၏ခေတ်ပေါ်ကဗျာများရှိ အတွင်းအဆက်အစပ်များ ထွက်ပေါ်လာရေးအတွက် သုတေသနနည်းနာများထဲမှ ဆန်းစစ်လေ့လာနည်း **(Survey Method)**ဖြင့်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်း **(Analytical Survey Method)**ဖြင့်လည်းကောင်း အသုံးပြုလေ့လာထားပါသည်။

**လေ့လာတွေ့ရှိချက်**

ဤအခန်းတွင် အတွင်းအဆက်အစပ်များထဲမှ ဝါကျချင်းဆက်စပ်ခြင်း၊ စကားဆက်များဖြင့် ဆက်စပ်ခြင်းနှင့် စကားထပ်ကျော့ခြင်းဟူ၍ ကဏ္ဍ ၃ ရပ်ကို အခြေတည်ကာ အောင်ချိမ့်၏ "**ခင်ခင်ပျိုရေ စောင့်ခဲ့တယ်**" ကဗျာများမှ ကဗျာ ၆ ပုဒ်၏ အတွင်းအဆက်အစပ်(Cohesion) ကို ဆန်းစစ်လေ့လာထားပါသည်။

**ဝါကျချင်းဆက်စပ်ခြင်း**

ဝါကျချင်းဆက်စပ်ခြင်းနှင့်ပတ်သက်၍ -

> **"အဓိပ္ပာယ်ပေါ်အောင် ဝါကျများတစ်ခုနှင့်တစ်ခု ဆက်စပ်ရေးသားရမြဲဖြစ်သည်။ စာတစ်ပုဒ်လုံး၊ တစ်အုပ်လုံး ပြီးဆုံးအောင် ဝါကျများဆက်စပ်ကာရေးရသည့်အတွက် ဝါကျသည်ဆက်စပ်မှုတွင် အခြေခံကျပါသည်။"**(စာ ၂၁၈)

ဟု **"ရေးဟန်ပညာနိဒါန်း"** ၂၀၁၁ စာအုပ်တွင် မောင်ခင်မင် က ဆိုထားပါသည်။(ဓနုဖြူ)၎င်းအဆိုနှင့် ဆက်စပ်၍ မိမိရည်ရွယ်ထားသည့်**"ခင်ခင်ပျိုရေ ချောင်းကြည့်ပေါက်ကလေး"** နှင့် **"ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်"**ကဗျာများရှိ ဝါကျချင်းဆက်စပ်မှုသဘောကို လေ့လာ တင်ပြပါမည်။

ပထမဦးစွာ**"ခင်ခင်ပျိုရေ ချောင်းကြည့်ပေါက်ကလေး"** ကဗျာရှိဝါကျများကို မြင်သာစေရန်အတွက် ဇယားကွက်ဖြင့် လေ့လာတင်ပြပါမည်။

| ဝါကျ | ကဗျာစာသား |
|---|---|
| ၁ | မလိုလို့လည်းမရ လိုလို့လည်းမရ အနုပညာနဲ့ နေ့စဉ် ငါနေခဲ့သလို။ |
| ၂ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ |
| ၃ | ပလက်ဖောင်းအကျယ်ကြီးနဲ့ ငါတို့မြို့ရဲ့ ***လမ်း*** မရှိတော့ပြီ။ |
| ၄ | ***ကုက္ကိုပင်***အကြီးကြီးတွေ မရှိတော့ပြီ။ |
| ၅ | ချောင်းကြည့်ပေါက်ကလေးတစ်ပေါက်ရှိတဲ့ ***အထပ်ခိုးလေး*** မရှိတော့ပြီ။ |
| ၆ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ |
| ၇ | ပြိုင်တူ ကတုန်ကယင် ဖြစ်ရတဲ့ ***အသက်အရွယ်*** မရှိတော့ပြီ။ |
| ၈ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ |

(စာ ၃၃၂)

ဤကဗျာတွင် ဝါကျ ၈ ခုပါသည်ကို တွေ့ရပါသည်။ **"လမ်း"၊ "ကုက္ကိုပင်"၊ "အထပ်ခိုးလေး" နှင့် "အသက်အရွယ်"** ဟူသော ကဗျာပစ္စည်းများသည် ကဗျာဖွဲ့သူ၏ ပတ်ဝန်းကျင်ပြောင်းလဲရွှေ့လျားနေမှုကို ဖော်ညွှန်းကာ ဝါကျတစ်ခုစီကို ချိတ်ဆက်ပြသွားပါသည်။ ဝါကျ ၂၊ ၆ နှင့် ၈ တို့သည် တူညီသည့် အကြောင်းအရာကိုသာ ဖွဲ့စည်းတည်ဆောက်ထားရာ အကြောင်းအရာအားဖြင့် အပြည့်အဝဆက်စပ်ပြီးသား ဖြစ်နေသည်ဟု ယူဆဖွယ်ရှိပါသည်။ ထို့အတွက် ကဗျာဖွဲ့သူ၏ စောင့်စားနေသည့်သဘောကို ထင်ရှားစေကြောင်း သုံးသပ်ရပါသည်။ ကဗျာတစ်ပုဒ်လုံးသည်လည်း အပြောဝါကျများ သုံးထားခြင်းကြောင့် ပေါ့ပေါ့ပါးပါး ရှိလာပါသည်။

**"ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်"** ကဗျာမှ ဝါကျချင်းဆက်စပ်ခြင်းကို လေ့လာရာ၌ ကဗျာ တစ်ပုဒ်လုံးကို ဇယားဖြင့် တင်ပြသွားမည် ဖြစ်ပါသည်။

| ဝါကျ | ကဗျာစာသား |
|---|---|
| ၁ | ***ဂူကြီးထဲက မီးတုတ်ကိုင်*** ထွက်လာသလို ငါစောင့်ခဲ့တယ်။ |
| ၂ | ***သမိုင်း***ဆိုတာနွေးချင်နွေးပြီး မြန်ချင်လည်း မြန်တတ်တယ်။ |
| ၃ | ***မီးရထားဘူတာရုံ***မှာ ရထားစောင့်သလို ငါစောင့်ခဲ့တယ်။ |
| ၄ | "ပါလာမလား မပါဘူးလား" ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ |

(စာ ၃၁၀)

ဤကဗျာကို ဝါကျ ၄ ခုဖြင့်သာ တိုတိုကျဉ်းကျဉ်းတည်ဆောက်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ အကြောင်းအရာအားဖြင့်မူ ကဗျာဖွဲ့သူ၏ စောင့်စားမှုသဘောကို အကျယ်တဝင့်ပြချင်ဟန်တူပါသည်။ ထို့အတွက် **"ဂူကြီးထဲက မီးတုတ်ကိုင်"** ဟူသော ကမ္ဘာဦးမြင်ကွင်း၊ **"သမိုင်း"** ဟူသော အတိတ်ဖြစ်စဉ်၊ **"မီးရထားဘူတာရုံ"** ဟူသော မျက်မှောက်ခေတ်မြင်ကွင်း တို့ဖြင့် ဝါကျတစ်ခုစီ၏ အနက်များကို ချိတ်ဆက်ပြသွားပါသည်။ နောက်ဆုံးဝါကျ ၄ သို့ ရောက် သည့်အခါ အမေးသဘောဆန်ဆန်ဖြင့် ဝါကျ ၁ မှ ၃ အထိ ဆိုလိုချက်ကို ဆက်စပ်ပြထားပါသည်။ ထို့ကြောင့် ကဗျာ၏မျက်မြင်ပုံစံမှာ တိုတောင်းသည်ဟုထင်ရသော်လည်း အကြောင်းအရာအားဖြင့် ကျယ်ပြန့်လာမှုသည် ဝါကျတစ်ခုစီ ၏ပေါင်းစည်းဆက်စပ်နိုင်စွမ်းနှင့်အတူ ထိထိမိမိချိတ်ဆက် သွားနိုင်ခြင်းကြောင့်ဟု ယူဆရပါသည်။

**စကားဆက်များဖြင့် ဆက်စပ်ခြင်း**

စကားဆက်များဖြင့် ဆက်စပ်ခြင်းသည် -

"**စကားဆက်များက ရှေ့နောက်အဆက်အစပ်ထင်ရှားအောင် ဖော်ညွှန်းပါသည်။**" (စာ ၂၂၇)

ဟု **"ရေးဟန်ပညာနိဒါန်း"** ၂၀၁၁ စာအုပ်တွင် မောင်ခင်မင် က(ဓနုဖြူ)ဆိုထားပါသည်။ ၎င်းအဆိုနှင့် ဆက်စပ်၍ မိမိရည်ရွယ်ထားသည့်**"ခင်ခင်ပျိုရေ ငါ့အကြောင်း"**နှင့် **"ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်"**ကဗျာများရှိ စကားဆက်များဖြင့်ဆက်စပ်ထားမှုကို လေ့လာ တင်ပြပါမည်။

ပထမဦးစွာ **"ခင်ခင်ပျိုရေ ငါ့အကြောင်း"** ကဗျာရှိ စကားဆက်များကို ထုတ်နုတ်ပြပါမည်။

ကဗျာမှာ -

| ဝါကျ | စာသား | စကားဆက် |
|---|---|---|
| ၁ | ငါတို့နေနေသော နေ့ရက်များဟာ အံ့ဩစရာ။ | |
| ၂ | အလိုမပြည့်ရင်းနဲ့ ထပ်၍ထပ်၍ အလိုရှိခဲ့ကြ။ | |
| ၃ | ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ | ဒါကြောင့် |
| ၄ | ငါတို့ကစားခဲ့ကြ၊ ငါတို့ ကစားကြည့်ခဲ့ကြ။ | |
| ၅ | ပြီး ဒါဟုတ်ရဲ့လား၊ ပြီး ဘာတွေဖြစ်လာမလဲ။ | |
| ၆ | အချစ်ဆိုတာမှာပဲ နစ်နာစရာရှိလာတယ်။ | |
| ၇ | ဘဝမှာ ဒဏ်ရာအနာတရ အမာရွတ်တွေ ထပ်ထပ်တိုးလာတယ်။ | |
| ၈ | တက်တူးထိုးဖို့ လိုဦးမလား။ | |
| ၉ | ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ | ဒါကြောင့် |

(စာ ၃၁၆)

ဤကဗျာတွင် ကဗျာဖွဲ့သူသည် ခင်ခင်ပျိုကိုစောင့်ရသည်(အကျိုးတရား)မှာ လောက၌ အသက်ရှင်နေထိုင်ရင်း လိုလားတောင့်တချက်များသည် ပြည့်ဝသည်မရှိ အမြဲလိုအပ်သည့် အကြောင်းတရားကြောင့် ဖြစ်ကြောင်းကို **"ဒါကြောင့်"**ဟူသော စကားဆက်ဖြင့် ဆက်စပ်ပြသွားသည်။ ရှေ့ကဖြစ်သည့် အကြောင်းအချက်နှင့် ပေါင်းဖြည့်ပေးသောအချက်ကို ဖော်ပြဆက်စပ်သွားသော အသုံးဟုယူဆနိုင်ပါသည်။ ကဗျာ၏နောက်ဆုံးဝါကျတွင်လည်း အရှေ့၌ရေးဖွဲ့သော အကြောင်းတရားများသည် ခင်ခင်ပျိုကိုစောင့်ရခြင်း အကျိုးတရားဖြစ်လာသည်ကို **"ဒါကြောင့်"** ဟူသော စကားဆက်ဖြင့် ထပ်မံသုံးစွဲသွားပါသည်။ ထို့အတွက် ကဗျာပါအကြောင်းအကျိုး ဆက်စပ်မှုများသည် ပို၍ခိုင်မာလာကြောင်း သုံးသပ်ရပါသည်။

**"ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်"** ကဗျာတွင်လည်း စကားဆက်အသုံးများကို တွေ့ရမည်ဖြစ်ပါသည်။ ခင်ခင်ပျိုနှင့်ကဗျာဖွဲ့သူသည် အရာရာတူညီမှုရှိနေပါသည်။ ကောင်းမှု၊ မကောင်းမှုများလည်းတူညီနေသည့်အတွက် သံသရာတွင်ဆုံတွေ့ရခြင်းဖြစ်ပါသည်။ ဆုံတွေ့ရန်လည်း လိုအပ်လှသည်။ သို့သော်အခက်တွေ့နေကြရပါသည်။ ထိုသို့ဖြင့်စာဆိုသည် အခက်ခဲများကြားကပင် စောင့်စားနေသည့်အကြောင်းကို ရေးဖွဲ့ထားလေသည်။ ကဗျာမှာ -

| ဝါကျ | စာသား | စကားဆက် |
|---|---|---|
| ၁ | ငါ့ကိုမျက်မှန်တပ်လိုက်ရင် သူ့ကိုမျက်မှန်ချွတ်လိုက်ရင် ငါတို့နှစ်ယောက်ဟာ တူလွန်းလေစွ | |
| ၂ | မင်းနဲ့ငါ တူလွန်းလေစွ | |
| ၃ | ပါလာသည့်ကောင်းမှု မကောင်းမှု တူလွန်းလေစွ | |
| ၄ | ဒါကြောင့်သာ ဒီသံသရာမှာ ငါတို့ ဆုံတွေ့ခဲ့ကြ | ဒါကြောင့်သာ |

| ဝါကျ | စာသား | စကားဆက် |
|---|---|---|
| ၅ | ဆုံတွေ့ဖို့ တကယ်လိုခဲ့ကြ | |
| ၆ | ခင်ခင်ပျိုရေ ငါတို့တူလွန်းလေစွ | |
| ၇ | အခက်အခဲတွေ ခက်ခဲခဲ့ကြ | |
| ၈ | တကယ်မခက်ခဲဘဲ ခက်ခဲခဲ့ကြ | |
| ၉ | တကယ်ခက်၍လည်း ခက်ခဲခဲ့ကြ | |
| ၁၀ | အဲဒီမှာ ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ | အဲဒီမှာ |

(စာ ၃၂၀)

ဤကဗျာတွင် ကဗျာဖွဲ့သူသည် ခင်ခင်ပျိုနှင့်ဆုံတွေ့ရသည့် အကြောင်းအရင်းခံများကို ဦးစွာ ဖော်ပြပါသည်။ ထိုအချက်များကြောင့်သာ ခင်ခင်ပျိုနှင့် ဆုံတွေ့ရခြင်းဖြစ်ကြောင်းကို **"ဒါကြောင့်သာ"** ဟူသော ကြောင်းကျိုးဆက်စပ်ပြသော စကားဆက်ဖြင့် ဖော်ညွှန်းသွားပါသည်။ ထိုအခါကဗျာဖွဲ့သူ ဆိုလို ချင်သောသဘောကို စာဖတ်သူမှာ ရိုးရိုးရှင်းရှင်းဖြင့် သိနားလည်ခွင့် ရစေနိုင်သည်ဟု ယူဆရပါသည်။

ကဗျာကို အဆုံးသတ်သည့်အခါ အခက်ခဲများကြားထဲကပင် ခင်ခင်ပျိုကို စောင့်နေခဲ့ ကြောင်းကို **"အဲဒီမှာ"** ဟူသည့် ဖြစ်ပျက်သည့်နေရာရှေ့နောက်ဖြင့် ဖော်ပြဆက်စပ်ပေးထားပါသည်။ ကဗျာဖွဲ့သူ သည် ကဗျာတစ်ပုဒ်လုံး၏အာဘော်ဖြစ်သည့် စောင့်စားနေခြင်းကို ရည်ညွှန်းလိုခြင်းဖြစ်ကာ **"အဲဒီမှာ"** ဟူသော စကားဆက်ဖြင့် ထင်ရှားအောင်ပြသွားနိုင်ကြောင်း သုံးသပ်ရပါသည်။

**စကားထပ်ကျော့ခြင်း**

စကားထပ်ကျော့ခြင်းနှင့် ပတ်သက်၍ -

> **"စကားထပ်ကျော့ခြင်းသည် အဆက်အစပ်ထင်ရှားစေသော နည်းနာတစ်ခုလည်း ဖြစ်ပါသည်။ စကားလုံးတစ်လုံးကိုဖြစ်စေ၊ ပုဒ်တစ်ခုကိုဖြစ်စေ၊ ဝါကျ တစ်ခုကို ဖြစ်စေ ထပ်ကျော့သုံးထားသော အရေးအဖွဲ့များတွင် ထိုထပ်ကျော့သော စကားများကို စာဖတ် သူက ဆက်စပ်အာရုံပြုမိတတ်သည့်အလျောက် ဆက်စပ်မှုထင်ရှားလာရပါသည်။"**
> (စာ ၂၂၈)

ဟု "**ရေးဟန်ပညာနိဒါန်း**" ၂၀၁၁ စာအုပ်တွင် မောင်ခင်မင်(ဓနုဖြူ)က ဆိုထားပါသည်။ ၎င်း အဆိုနှင့်ဆက်လျဉ်း၍ မိမိရည်ရွယ်ထားသည့် "**ခင်ခင်ပျိုရေ မှတ်တမ်းတစ်ရွက်**"နှင့် "**ခင်ခင်ပျိုရေ**" ကဗျာများရှိ ထပ်ကျော့အသုံးများကို လေ့လာတင်ပြပါမည်။

ပထမဦးစွာ **"ခင်ခင်ပျိုရေ မှတ်တမ်းတစ်ရွက်"** ကဗျာရှိ ထပ်ကျော့အသုံးများကို ထုတ်နှုတ် တင်ပြပါမည်။ ကဗျာမှာ -

| ဝါကျ | စာသား | ထပ်ကျော့အသုံး |
|---|---|---|
| ၁ | မိုးညို့ညို့အောက် ဖြတ်လျှောက်ခဲ့ပြီး မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |
| ၂ | တံတားအောက် ဖြတ်လျှောက်ခဲ့ပြီး မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |

| ဝါကျ | စာသား | ထပ်ကျေ့အသုံး |
|---|---|---|
| ၃ | မှောင်ခဲ့တယ်၊ မှောင်ခဲ့တယ် မှောင်ခဲ့တယ် | မှောင်ခဲ့တယ်၃ကြိမ်ကျေ့ |
| ၄ | ငါဟာလည်း ဘာမို့လဲ မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |
| ၅ | အဝီစိက ခုမှ တက်လာသလို မှောင်ခဲ့တယ် | မှောင်ခဲ့တယ် |
| ၆ | ငါ့ကိုယ်မှာ အဲဒီအမှောင်နဲ့စွဲလို့ ဒီဘဝမှာ ဒီမှာ မင်းကိုယ်နဲ့ ကို ငါ တောင့်တလို့ | |
| ၇ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။ | |

(စာ ၃၁၂)

ကဗျာတွင် **"မှောင်ခဲ့တယ်"**ဟူသော စကားလုံးသည် ကဗျာသော့ချက်စကားလုံး ဖြစ်ပါသည်။ ထိုသော့ချက်စကားလုံးကို ထပ်ကာထပ်ကာ သုံးထားခြင်းကြောင့် ကဗျာဖတ်သူ၏ အာရုံထဲတွင် ကဗျာဖွဲ့သူ၏ ဘဝအမှောင်ကျနေသည့်ခံစားမှုကို ထင်ရှားလာစေသည်ဟု ယူဆရပါသည်။ တစ်ဆက်တည်း ကဗျာတစ်ပုဒ်လုံးတွင် သော့ချက်စကားလုံးများကို ထပ်ကျေ့(ဖြန့်ကြက်) ထားသည့်အတွက် အဆက်အစပ် ချောမွေ့ထင်ရှားမှု ရှိလာနိုင်သည်ဟု ယူဆဖွယ်ရှိပါသည်။ ကဗျာပါအကြောင်းနှင့် ကဗျာဖွဲ့သူ၏ ဆိုလိုချက်ကိုလည်း မြင်သာထင်သာအောင် စွမ်းဆောင်နိုင်သည့် စကားလုံးတူ ထပ်ကျေ့ခြင်းပင် ဖြစ်ကြောင်း သုံးသပ်ရပါသည်။

ဆက်လက်၍ **"ခင်ခင်ပျိုရေ"** ကဗျာရှိ ထပ်ကျေ့အသုံးများကို လေ့လာရာ၌ ကဗျာစာပိုဒ်များ မြင်သာ စေရန်အတွက် ဇယားကွက်ဖြင့် တင်ပြမည် ဖြစ်ပါသည်။

| စာပိုဒ် | ဝါကျ | စာသား | ထပ်ကျေ့အသုံး |
|---|---|---|---|
| ၁ | ၁ | ဝိသေသနပုဒ်က ဒီအတိုင်း/ စာသားကဒီအတိုင်း/ တရားက တရားအတိုင်း/ အမှားက အမှားအတိုင်း | |
| | ၂ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ် | စောင့်ခဲ့တယ် |
| ၂ | ၃ | မိုးတစ်ပေါက်တင်ပြီး စိန်လိုလက်နေတဲ့ ဇီဇဝါပန်းများ မွှေးခဲ့လို့ ငါ့စိတ်ထိန်းနိုင်ခဲ့/ မိုးတဖြောက်ဖြောက် နေ့တွေ ကုန်လွန်နိုင်ခဲ့ | |
| | ၄ | ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ် | စောင့်ခဲ့တယ် |
| ၃ | ၅ | မဖြောင့်ဖြူးခြင်းအချစ်စစ်ကို အနှစ်တစ်ရာ သစ္စာဖွဲ့ ငါစောင့်ခဲ့တယ် | စောင့်ခဲ့တယ် |
| | ၆ | ခင်ခင်ပျိုရေ စောင့်ခဲတယ်။ ။ | စောင့်ခဲ့တယ် |

(စာ ၃၀၈)

ဤကဗျာကို ကဗျာဖွဲ့သူသည် ကဗျာပိုဒ်ရေ ၃ ပိုဒ်ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရမည် ဖြစ်ပါသည်။ တစ်ပိုဒ်စီ၏အဆုံးသတ်များတွင် **"စောင့်ခဲ့တယ်"**ဟူသော စကားဖြင့်သာ ထပ်ကျေ့ထားပါ သည်။ အရာရာသည် အတိုင်းသားရှိနေပါသည်။ လွမ်းဆွေးဖွယ်ကောင်းလှသည့် မိုးရာသီကို ကျော်လွန် နိုင်ခဲ့ပါသည်။ အချစ်ခရီးလမ်းမဖြောင့်ဖြူးသည့်တိုင်အောင် အနှစ်တစ်ရာ သစ္စာထား၍ စောင့်နေခဲ့သည်

ကို တစ်ဆင့်ပြီးတစ်ဆင့်ပြောကာ အကြိမ်ကြိမ်ပြောနေဟန် ပေါ်လွင်လာအောင် အဆုံးပိုဒ်များရှိ ထပ်ကျော့စကားလုံးများက ချိတ်ဆက်ဖော်ပြနေသည်ဟု သုံးသပ်ရပါသည်။

ထို **"စောင့်ခဲ့တယ်"** ဟူသောစကားလုံးသည် ကဗျာ၏သော့ချက်စကားလုံးလည်းဖြစ်ပြီး အကြိမ်ကြိမ်ထပ်၍ သုံးထားခြင်းကြောင့် ကဗျာဖွဲ့သူ၏ စောင့်စားနေရမှုကို ပီပြင်သွားစေသည်ဟု ယူဆရပါသည်။ အဆုံးကျော့စကားလုံးများဖြစ်သည့်အားလျော်စွာ အဆက်အစပ် ထင်ရှားစေသည့်အပြင် နှစ်သက်ဖွယ်လည်း ဖြစ်ကြောင်း သုံးသပ်ရပါသည်။

## သုံးသပ်ချက်

ဤအခန်းတွင် သုတေသနပြဿနာအတွက် အဖြေရှာဖော်ထုတ်ထားသော လေ့လာတွေ့ရှိချက်များအားလုံးကို ခြုံငုံသုံးသပ်တင်ပြပြီး သုတေသနမေးခွန်းများနှင့် ရရှိလာသော သုတေသန ရလဒ်တို့ ကိုက်ညီမှုရှိမရှိကို ဆန်းစစ်တင်ပြထားပါသည်။ ထို့နောက် ဆက်လက်ဆောင်ရွက်နိုင်မည့် သုတေသန ကိစ္စရပ်များကို အကြံပြုတင်ပြထားပါသည်။ ဤစာတမ်း၏ရည်ရွယ်ချက်များဖြစ်သော အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာဖွဲ့စည်းတည်ဆောက်မှု သဘောနှင့် ခေတ်ပေါ်ကဗျာများနှင့်ပတ်သက်၍ နားမလည်ခြင်း ပြဿနာအချို့ကို အတွင်းအဆက် အစပ်**(Cohesion)** လေ့လာမှုမှတစ်ဆင့် တစ်စိတ်တစ်ဒေသ အဖြေရှာနိုင်ရန်အတွက် ကြိုးစားလေ့လာ ခဲ့ပါသည်။

ထိုအခါ အလေ့လာခံကဗျာများဖြစ်သော **"ခင်ခင်ပျိုရေချောင်းကြည့်ပေါက်ကလေး"**နှင့် **"ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်"** ကဗျာတွင် အဓိပ္ပာယ်အားဖြင့်ဝေးကွာမှုရှိနေသော ဝါကျများကို ဆက်စပ်အနက်များဖော်နိုင်သော သော့ချက်စကားလုံးများမှတစ်ဆင့် ဝါကျ တစ်ခုနှင့်တစ်ခု ဆက်စပ်ပြသွားပါသည်။ ထိုသို့**ဝါကျချင်းဆက်စပ်ခြင်း**သည် ကဗျာအတွင်းရှိ ကဗျာဖွဲ့သူ ဆိုလိုချင်သော သဘောကိုမြင်သာလာစေရန် အထောက်အကူပြုနေကြောင်း ယူဆဖွယ်ရှိပါသည်။ ဤနေရာတွင်ခေတ်ပေါ် ကဗျာများဖြစ်သည့်အားလျော်စွာ စာဖတ်သူပါဝင်အားထုတ်မှုလိုသော အချက်ကိုလည်း တွေ့ရှိရပါသည်။

စကားဆက်များ ဆက်စပ်မှုသဘောနှင့်ပတ်သက်၍ **"ခင်ခင်ပျိုရေငါ့အကြောင်း"**နှင့် **"ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်"** ကဗျာတွင် အကျိုးတရားသည် အကြောင်း တရားအား အခြေခံသည်ကို သက်သေခံရန်အတွက် စကားဆက်များဆက်စပ်မှုသဘောကိုသုံး၍ ဖွဲ့စည်းတည်ဆောက်ထားကြောင်းယူဆရပါသည်။ **စကားဆက်များဖြင့်ဆက်စပ်ခြင်း**ကြောင့် ကဗျာဖွဲ့သူဆိုလိုချင်သော သဘောကို ရှေ့နောက်ဆီလျော်စွာ တင်ပြလာနိုင်ပြီး ယုတ္တိတန်သော ကဗျာသဘောသက်ဝင်လာအောင် အထောက် အကူပြုလာနိုင်ကြောင်း သုံးသပ်ရပါသည်။

**"ခင်ခင်ပျိုရေ မှတ်တမ်းတစ်ရွက်"** နှင့်**"ခင်ခင်ပျိုရေ"** ကဗျာရှိ စကားထပ်ကျော့အသုံးများကိုလည်း လေ့လာတင်ပြခဲ့ပါသည်။ အကြောင်းအရာတစ်ခုတည်းကို အကြိမ်ကြိမ်ကျော့၍ ပြောနေခြင်း၊ အကြောင်းတစ်ခုတည်းကို အမျိုးမျိုးလှည့်၍ပြောနေခြင်း၊ အကြောင်းအရာ ပြီးဆုံးပြီဟုထင်ပြီးမှ ပြန်၍ အစဖော်လာခြင်း သဘောတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းကြောင့် ကဗျာပါအကြောင်း အရာများနှင့် ကဗျာဖွဲ့သူ၏ဆိုလိုချက်ကို စာဖတ်သူသည် ဆက်စပ် အာရုံပြုမိလာစေသည်ဟု ယူဆရပါသည်။ အာရုံပြုနိုင်မှု အားကောင်းလာသည်နှင့်အမျှ အာရုံခံစားနိုင်မှုတို့သည်လည်း ဖြစ်ထွန်းလာပါသည်။

ထိုအခါကဗျာတွင် **စကားထပ်ကျေ့ာခြင်း**သည် ကဗျာဖွဲ့သူ ဆိုလိုချင်သည့်သဘောကို ဆက်စပ်မိစေရုံ သာမက အာရုံခံစားမှုဖြစ်စဥ်ကိုပါ အထောက်အကူ ပေးနိုင်ကြောင်း သုံးသပ်ရပါသည်။

ထိုသို့ အောင်ချိမ့်၏ ကဗျာ ၆ ပုဒ်တွင် အတွင်းအဆက်အစပ်များဖြစ်သည့် ဝါကျချင်းဆက်စပ်ခြင်း၊ စကားဆက်များဖြင့်ဆက်စပ်ခြင်းနှင့် စကားထပ်ကျေ့ာခြင်းတို့ကို အသုံးပြုမှုသည် **ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောအရ ပိုင်းစိတ်မြွာခြင်း (Fragmentations) သဘောဆောင်နေခြင်းကြောင့်ဟုယူဆရပါသည်။ အဘယ်ကြောင့်ဆိုသော် လောကတွင်နိစ္စဓူဝလှုပ်ရှား ရုန်းကန်မှုများ၌ ဘစ်(စ်)ကားစောင့်ရခြင်း၊ တစ်ဦးနှင့်တစ်ဦးစောင့်ရခြင်း၊ အချိန်များကိုစောင့်ရခြင်း၊ နောက်ဆုံး တစ်ခါတစ်ရံ သေခြင်းတရားကိုပင် စောင့်ရခြင်းဟူသော စောင့်စားရခြင်း အပိုင်းအစများကို ကဗျာတွင် ပေါင်းစည်း ရေးဖွဲ့ထားသောကြောင့် ဖြစ်သည်ဟု သုံးသပ်ရပါသည်။**

၎င်းအပိုင်းအစများကို စာဖတ်သူအားထုတ်မှုမှတစ်ဆင့် ပေါင်းစပ်အဖြေရှာနိုင်သကဲ့သို့ အတွင်းအဆက်အစပ်များဖြင့် ဖော်ထုတ်ဆန်းစစ်ကြည့်သည့်အခါတွင်လည်း ကဗျာပါအကြောင်းအရင်းများနှင့် ကဗျာဖွဲ့ သူ၏အတွေး၊ ဆိုလိုမှုသဘောတို့သည် ထင်ရှားလာနိုင်ပါသည်။ **အတွင်းအဆက်အစပ် (Cohesion)သည် ကဗျာဖွဲ့သူ ဆိုလိုချင်သောသဘောကို ဖမ်းဆုပ်ရန်အတွက် အထောက်အကူပေးနေပြီး ခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်ရာတွင် အရေးပါသည့် နည်းစနစ် ဖြစ်ကြောင်း သုံးသပ်ရပါသည်။**

## နိဂုံး

သုတေသနတစ်ခုပြုရာတွင် သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအရ စနစ်တကျလေ့လာနိုင်မည့် အခြေအနေတစ်ရပ်ကိုရွေးချယ်၍ သုတေသနပြုရပါသည်။ ထိုသို့သုတေသနပြုသည့် ကာလတစ်လျှောက်တွင် ယခုသုတေသနနှင့်ပတ်သက်၍ အောင်ချိမ့်၏ အခြားသောခေတ်ပေါ်ကဗျာ ဖွဲ့စည်းတည်ဆောက်မှုသဘောများ၊ ခေတ်ပေါ်ကဗျာလောကတွင် ထင်ရှားသည့် ကဗျာဖွဲ့သူတို့၏ ကဗျာဖွဲ့စည်းတည်ဆောက်မှုသဘောများကို လေ့လာဆန်းစစ်ခြင်းနှင့် နှိုင်းယှဉ်မှုများဆောင်ရွက်နိုင်ကြောင်းကို တွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်၍ ခေတ်ပေါ်ကဗျာ၏ ဖွဲ့စည်းတည်ဆောက်မှု သဘောများကို သက်ဆိုင်ရာသုတေသနနယ်ပယ်များ ကန့်သတ်ကာ ဆက်လက် သုတေသနပြုနိုင်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ဤသို့လျှင် အောင်ချိမ့်၏ **"ခင်ခင်ပျိုရေ စောင့်ခဲ့တယ်"** ကဗျာများမှ ကဗျာ ၆ ပုဒ်ရှိ အတွင်းအဆက်အစပ် **(Cohesion)**ကို ဖော်ထုတ်လေ့လာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့လေ့လာခြင်းဖြင့် ခေတ်ပေါ်ကဗျာများ၏ ဖွဲ့စည်းတည်ဆောက်မှုတွင် အသုံးပြုသော နည်းစနစ်များရှိနေကြောင်း ယူဆရပါသည်။ ထို့ပြင် ခေတ်ပေါ်ကဗျာများ၏ နားမလည်မှုပြဿနာအချို့ကိုလည်း တစ်စိတ်တစ်ဒေသ ဖော်ထုတ်အဖြေရှာနိုင်ခဲ့ကြောင်းသုံးသပ်ရပါသည်။ ထို့ကြောင့်ဤစာတမ်း၏ သုတေသနရလဒ်များသည် ခေတ်ပေါ်ကဗျာ လေ့လာမှုများအတွက် များစွာသောအကျိုးပြုနေမည်ဟု ယုံကြည်ပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကလောင်စုံ၊ (၂၀၁၄)။ ***ဇင်နီးကြူးနှင့် ကဗျာလောက (၆)***။ ရန်ကုန်၊ နှစ်ကာလများစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

မြဇင်၊ (၁၉၉၈)။ ***ကဗျာ့နရီနှင့် နိမိတ်ပုံ*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ မုံရွေးစာအုပ်တိုက်။

အောင်ချိမ့်။ (၂၀၁၆)။ ***မင်းကအောင်ချိမ့်လား*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

## အင်္ဂလိပ်ဘာသာ

Ahlam Ahmed Mohamed Othman. (2023, May). Cohesion and Coherence for Poetry Interpretation and Translation. ***AWEJ for Translation & Literary Studies, Volume 7.***

Wales, Katie. (2011). ***A Dictionary of stylistics*** (Third Edition). London and New York: Routledge Taylor & Francis Group.

## အင်တာနက်အကိုးအကား

Bethany Calderwood and Margaret Stone (2023, November 21). ***Cohesion in Writing/Definition, Elements & Examples.*** (https://study.com)

Wikipidea (2022, 1st December). ***Cohesion (linguistics).*** (https://en.m.wikipedia.org)

## နောက်ဆက်တွဲဖော်ပြချက်များ

## နောက်ဆက်တွဲဖော်ပြချက် (က)

## အလေ့လာခံကဗျာများ

**“ခင်ခင်ပျိုရေချောင်းကြည့်ပေါက်ကလေး”**

မလိုလို့လည်း မရ
လိုလို့လည်း မရ
အနုပညာနဲ့ နေ့စဉ် ငါနေခဲ့သလို။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
ပလက်ဖောင်းအကျယ်ကြီးနဲ့ ငါတို့မြို့ရဲ့***လမ်း*** မရှိတော့ပြီ။
***ကုက္ကိုပင်***အကြီးကြီးတွေ မရှိတော့ပြီ။
ချောင်းကြည့်ပေါက်ကလေးတစ်ပေါက်ရှိတဲ့ ***အထပ်ခိုးလေး*** မရှိတော့ပြီ။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
ပြိုင်တူ ကတုန်ကယင် ဖြစ်ရတဲ့ ***အသက်အရွယ်*** မရှိတော့ပြီ။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**“ခင်ခင်ပျိုရေ ငါ့ဘဝသမိုင်းတစ်လျှောက်”**

***ဂူကြီးထဲက မီးတုတ်ကိုင်*** ထွက်လာသလို
ငါစောင့်ခဲ့တယ်။
***သမိုင်း***ဆိုတာ နေးချင်နေးပြီး
မြန်ချင်လည်း  မြန်တတ်တယ်။
***မီးရထားဘူတာရုံ***မှာ ရထားစောင့်သလို
ငါစောင့်ခဲ့တယ်။
“ပါလာမလား မပါဘူးလား” ခင်ခင်ပျိုရေ
ငါစောင့်ခဲ့တယ်။ ။

**“ခင်ခင်ပျိုရေ ငါ့အကြောင်း”**

ငါတို့နေနေသော နေ့ရက်များဟာ
အံ့ဩစရာ။
အလိုမပြည့်ရင်းနဲ့
ထပ်၍ ထပ်၍ အလိုရှိခဲ့ကြ။
ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
ငါတို့ကစားခဲ့ကြ၊

ငါတို့ ကစားကြည့်ခဲ့ကြ။
ပြီး ဒါဟုတ်ရဲ့လား၊
ပြီး ဘာတွေဖြစ်လာမလဲ။
အချစ်ဆိုတာမှာပဲ
နစ်နာစရာရှိလာတယ်။
ဘဝမှာ ဒဏ်ရာအနာတရ
အမာရွတ်တွေ ထပ်ထပ်တိုးလာတယ်။
တက်တူးထိုးဖို့ လိုဦးမလား။
ဒါကြောင့် ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**"ခင်ခင်ပျိုရေ ခေတ်အဆက်ဆက်ဖြင့် မေတ္တာဖြင့်"**
ငါ့ကို မျက်မှန်တပ်လိုက်ရင်
သူ့ကို မျက်မှန်ချွတ်လိုက်ရင်
ငါတို့နှစ်ယောက်ဟာ တူလွန်းလေစွ
မင်းနဲ့ငါ တူလွန်းလေစွ
ပါလာသည့်ကောင်းမှု မကောင်းမှု
တူလွန်းလေစွ
ဒါကြောင့်သာ ဒီသံသရာမှာ
ငါတို့ ဆုံတွေ့ခဲ့ကြ။
ဆုံတွေ့ဖို့ တကယ်လိုခဲ့ကြ။
ခင်ခင်ပျိုရေ ငါတို့တူလွန်းလေစွ။
အခက်အခဲတွေ ခက်ခဲခဲ့ကြ။
တကယ်မခက်ခဲဘဲ ခက်ခဲခဲ့ကြ။
တကယ်ခက်၍လည်း ခက်ခဲခဲ့ကြ။
အဲဒီမှာ ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**"ခင်ခင်ပျိုရေ မှတ်တမ်းတစ်ရွက်"**
မိုးညို့ညို့အောက် ဖြတ်လျှောက်ခဲ့ပြီး
မှောင်ခဲ့တယ်။
တံတားအောက် ဖြတ်လျှောက်ခဲ့ပြီး
မှောင်ခဲ့တယ်။
မှောင်ခဲ့တယ်၊ မှောင်ခဲ့တယ် မှောင်ခဲ့တယ်။
ငါဟာလည်း ဘာမို့လဲ


မှောင်ခဲ့တယ်။
အဝီစိက ခုမှ တက်လာသလို
မှောင်ခဲ့တယ်။
ငါ့ကိုယ်မှာ အဲဒီအမှောင်နဲ့စွဲလို့
ဒီဘဝမှာ ဒီမှာ မင်းကိုယ်နဲ့ကို ငါ တောင့်တလို့
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။ ။

**"ခင်ခင်ပျိုရေ"**

ဝိသေသနပုဒ်က ဒီအတိုင်း
စာသားက ဒီအတိုင်း
တရားက တရားအတိုင်း
အမှားက အမှားအတိုင်း။
ခင်ခင်ပျိုရေ
ငါစောင့်ခဲ့တယ်။
မိုးတစ်ပေါက်တင်ပြီး
စိန်လိုလက်နေတဲ့ ဇီဇဝါပန်းများ မွှေးခဲ့လို့
ငါ့စိတ် ထိန်းနိုင်ခဲ့
မိုးတဖြောက်ဖြောက် နေ့တွေ ကုန်လွန်နိုင်ခဲ့။
ခင်ခင်ပျိုရေ ငါစောင့်ခဲ့တယ်။
မဖြောင့်ဖြူးခြင်းအချစ်စစ်ကို
အနှစ်တစ်ရာ သစ္စာဖွဲ့
ငါ စောင့်ခဲ့တယ်။
ခင်ခင်ပျိုရေ စောင့်ခဲတယ်။ ။

**နောက်ဆက်တွဲဖော်ပြချက် (ခ)**

**၂၀၁၁ ခုနှစ်တွင် ထုတ်ဝေခဲ့သော "ခင်ခင်ပျိုရေ စောင့်ခဲ့တယ်" ကဗျာစာအုပ်မျက်နှာဖုံးပုံ**



## နောက်ဆက်တွဲဖော်ပြချက် (ဂ)
## မူရင်းကောက်နုတ်ချက်များ

| စဉ် | မူရင်းအကိုးအကားများ | စာမျက်နှာ |
|---|---|---|
| ၁။ | Cohesion refers to the means (PHONOLOGICAL, GRAMMATICAL, LEXICAL, SEMANTIC) of linking sentences into larger units (paragraphs, chapters, etc.),i.e. of making them 'stick-together'. | ၅ |
| ၂။ | Cohesion is the grammatical and lexical linking within a text or sentence that holds a text to together and gives it meaning. (https://en.m.wikipedia.org) | ၅ |
| ၃။ | Cohesion means "sticking together". Cohesion in writing refers to elements of writing that cause words, phrases and sentences to come together and present a clear, unified text. (https://study.com) | ၅ - ၆ |
| ၄။ | In poetry, cohesive ties, commonly used to stick linguistic units together, help convey the deep underlyingsense and the network of conceptual relations is so well interwoven, given the limited space that necessitates the use of condensed diction that affords Multiple interpretations. (Ahlam Ahmed Mohamed Othman, 2023, P – 176) | ၆ |